# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အီတလီနိုင်ငံ)

**သိန်းဦး**

**နိဒါန်း**

အီတလီနိုင်ငံ၏ တရားဝင်အမည်မှာ အီတလီသမ္မတနိုင်ငံဖြစ်ပြီး ဥရောပတောင်ဘက် အလယ်ပိုင်းတွင် တည်ရှိ၍ ဥရောပတိုက်၏တောင်ဘက်တွင် မြေထဲပင်လယ်ထဲသို့ ထိုးထွက်နေသော ကျွန်းဆွယ်ကြီးတစ်ခု ဖြစ်သည်။ နိုင်ငံ၏အကျယ်အဝန်းမှာ ဆာဒင်းနီးယားကျွန်း၊ စစ္စလီကျွန်းနှင့် အနီးပတ်ဝန်းကျင်ရှိ ကျွန်းကလေးများအပါအဝင် ၁၁၆၃၅၀ စတုရန်းမိုင်ရှိပြီး မြောက်ဘက်မှ တောင်ဘက်အငူစွန်းအထိ မိုင်ပေါင်း ၇၅၀ ခန့် ရှည်လျား၍ ပျမ်းမျှမိုင် ၁၀၀ မှ ၁၂၀ ခန့်ကျယ်သည်။ မြောက်ဘက်တွင် ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြီးယားနိုင်ငံနှင့် ဆလိုဗေးနီးယားနိုင်ငံတို့ရှိပြီး အယ်လ်ပ်တောင်တန်းတစ်လျှောက်တွင် တည်ရှိကြသည်။ တောင်ဘက်တွင်မူ အီတလီကျွန်းဆွယ်နှင့် မြေထဲပင်လယ်တွင် အကြီးဆုံးကျွန်းနှစ်ကျွန်းဖြစ်သော စစ္စလီကျွန်း၊ ဆာဒီးနီးယားကျွန်းနှင့် အခြားသောကျွန်းငယ်ပေါင်းမြောက်မြားစွာတို့ ရှိကြသည်။ အနောက်ဘက်တွင် တိုင်ရေနီးယန်းပင်လယ်၊ အရှေ့ဘက်တွင် ယူဂိုစလားဗီးယားနိုင်ငံနှင့် အေဒြီယက်တစ်ပင်လယ်တို့ရှိသည်။ Campione d’Italia မှာမူ အီတလီနိုင်ငံပိုင်ဖြစ်သော်လည်း ဆွစ်ဇာလန်နိုင်ငံအတွင်းဘက်တွင် တည်ရှိသည်။ တစ်သီးတခြားလွတ်လပ်သောနိုင်ငံများဖြစ်ကြသည့် ဆန်မာရီနိုနိုင်ငံနှင့် ဗာတီကန်စီးတီးတို့သည် အီတလီနိုင်ငံကုန်းမြေအတွင်းတွင် တည်ရှိကြသည်။ လူဦးရေမှာ ၂၀၂၀ ပြည့်နှစ် ခန့်မှန်းသန်းခေါင်စာရင်းအရ ၆၀ ဒသမ ၄ သန်း ရှိသဖြင့် ဥရောပတွင် ဆဌမမြောက်လူဦးရေ အများဆုံးဖြစ်ပြီး ကမ္ဘာပေါ်တွင် ၂၃ နိုင်ငံမြောက် လူဦးရေအများဆုံးနိုင်ငံ ဖြစ်သည်။ မြို့တော်ဖြစ်သော ရောမမြို့သည် အီတလီနိုင်ငံ၏အလယ်ပိုင်းတွင် တည်ရှိသည်။

ရောမနိုင်ငံတော်ကြီး ထွန်းကားစဉ်အခါက အီတလီသည် ကမ္ဘာ့အနောက်ပိုင်း၏ ဗဟိုဌာနကြီး တစ်ခုဖြစ်ခဲ့သည်။ သို့ရာတွင် အီတလီနိုင်ငံသမိုင်းဟူ၍ သီးခြားမရှိခဲ့ဘဲ ရောမနိုင်ငံတော်သမိုင်း၏ တစ်စိတ်တစ်ဒေသမျှ ဖြစ်ခဲ့သည်။ ရောမနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးပြီးနောက်မှသာ အီတလီနိုင်ငံ သမိုင်းဟူ၍ မှတ်သားနိုင်ခဲ့ပေသည်။ အီတလီသည် ဥရောပတိုက်၏ အမှောင်ခေတ်ကို ဖြိုခွင်းရာတွင် ခေါင်းဆောင်နိုင်ငံဖြစ်၍ ခေတ်ဆန်းချိန်စတင်ရာဒေသလည်း ဖြစ်ခဲ့သည်။

သမိုင်းတင်စခေတ်တွင် အီတလီနိုင်ငံအလယ်ပိုင်း၌ အီထရပ်လစကန်လူမျိုးတို့ နေထိုင်ခဲ့ကြသည်။ နောင်အခါတွင် ဂရိလူမျိုးတို့နှင့်သွေးနှောကာ အီတာလျံလူမျိုးဟု ဖြစ်လာသော လူမျိုးစုတို့သည် အီတလီတောင်ဘက်ပိုင်းနှင့် စစ္စလီကျွန်းသို့ အခြေစိုက်နေထိုင်ခဲ့ကြသည်။ ယင်းနောက် ဥရောပတိုက် အလယ်ပိုင်းမှ ဂျာမန်သွေးပါသည့် ဂေါ့သ်လူမျိုးတို့သည် အီတလီနိုင်ငံမြောက်ပိုင်းမှတစ်ဆင့် ပိုးမြစ်ဝှမ်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ထို့နောက် နှစ်ပေါင်းလေးရာခန့်အကြာတွင် အီတလီတောင်ဘက်ပိုင်းသို့ မွတ်စလင်များဖြစ်ကြသည့် အာရပ်လူမျိုးတို့ ဝင်ရောက်လာကြပြန်သည်။

၁၉၄၆ ခုနှစ် ဇွန်လတိုင်အောင် အီတလီနိုင်ငံမှာ ဘုရင်အုပ်စိုးသော နိုင်ငံဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် သမ္မတနိုင်ငံအဖြစ် ကြေညာပြီးနောက် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်တင်မြှောက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲခဲ့ပြီး ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အတည်ပြုခဲ့သည်။

**နိုင်ငံတော်သမ္မတနှင့်ဝန်ကြီးချုပ်**

သမ္မတသည် နိုင်ငံ၏အကြီးအကဲဖြစ်ပြီး သက်တမ်းမှာ ခုနစ်နှစ် ဖြစ်သည်။ သမ္မတကို လွှတ်တော်နှစ်ရပ်နှင့် ဒေသဆိုင်ရာကိုယ်စားလှယ် ၅၈ ဦးတို့ပါဝင်သော အစည်းအဝေးကျင်းပ၍ ဆန္ဒမဲပေး ရွေးကောက်တင်မြှောက်သည်။ သမ္မတရွေးကောက်ပွဲအား အဆင့်လေးဆင့်ဖြင့် ကျင်းပရွေးချယ်သည်။ အနိုင်ရရှိသူအနေဖြင့် ကနဦးအဆင့်သုံးဆင့်တွင် မဲရလဒ်သုံးပုံနှစ်ပုံ ရရှိရမည်ဖြစ်သည်။ စတုတ္ထအဆင့်ကိုမူ တတိယအဆင့်တွင် ယင်းဆန္ဒမဲသုံးပုံနှစ်ပုံ ရရှိခြင်းမရှိမှသာလျှင် ကျင်းပပြုလုပ်သည်။

ဝန်ကြီးချုပ်ကို လွှတ်တော်၏အတည်ပြုချက်ဖြင့် သမ္မတကခန့်အပ်သည်။ အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်ဦးဆောင်သည့်ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသောအစိုးရအဖွဲ့ထံတွင် အပ်နှင်းထားပြီး ဥပဒေပြုရေး အာဏာကို လွှတ်တော်တွင်အပ်နှင်းထားသည်။

**လွှတ်တော်ဖွဲ့စည်းမှု**

အီတလီနိုင်ငံ၏ ပါလီမန်ကို အောက်လွှတ်တော် (Chamber of deputies) နှင့် အထက်လွှတ်တော် (The Senate of the Republic or Senate) ဟူသော ဥပဒေပြုလွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော်နှစ်ရပ်လုံး၏ လုပ်ငန်းတာဝန်များသည်တူညီ၍ တစ်ထပ်တည်းကျသော်လည်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် မတူကွဲပြားသည့် နည်းလမ်းများကို အသုံးပြုသည်။ ပါလီမန်သည် သမ္မတရွေးချယ်နိုင်ခွင့်၊ စစ်ကြေညာနိုင်ခွင့်နှင့် စာချုပ်များချုပ်ဆိုနိုင်ခွင့်တို့ရှိသည်။ လွှတ်တော်နှစ်ရပ်လုံး၏သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။

အောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ရပ်လုံး၏ ရွေးကောက်ပွဲစနစ်မှာ ယှဉ်ပြိုင်မဲပေး ရွေးချယ်သည့်စနစ်ဖြစ်ပြီး လွှတ်တော်တစ်ရပ်စီအတွက် ခွဲဝေသတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာ ၃၇ ရာခိုင်နှုန်းကို မဲများသူအနိုင်ရစနစ် (First–Past–The–Post) ဖြင့် လည်းကောင်း၊ ကျန် ၆၃ ရာခိုင်နှုန်းကို အချိုးကျကိုယ်စားပြုစနစ် (Proportional Representation–closed lists) စနစ်ဖြင့်လည်းကောင်း ရွေးချယ်တင်မြှောက်သည်။

**အထက်လွှတ်တော် (The Senate of the Republic or Senate)**

The Senate of the Republic or Senate သည် လွှတ်တော်နှစ်ရပ်ရှိသော အီတလီပါလီမန်၏ အထက်လွှတ်တော် (Upper House) ဖြစ်သည်။ အထက်လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ် ၃၁၅ ဦးနှင့် ရာသက်ပန် အထက်လွှတ်တော်ကိုယ်စားလှယ်(Senators for Life) ခြောက်ဦး ပေါင်း ၃၂၁ ဦး ဖြင့် ဖွဲ့စည်းထားသည်။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၃၁၅ ဦးကို နိုင်ငံအတွင်း မဲဆန္ဒနယ်များမှ ၃၀၉ ဦးနှင့် နိုင်ငံပြင်ပ မဲဆန္ဒနယ်များမှ ခြောက်ဦး သတ်မှတ်ထားသည်။ ပြင်ဆင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၇၊ ၅၈ နှင့် ၅၉ တို့အရ နောင်ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲတွင် အထက်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို ပုံသေသတ်မှတ်မထားဘဲ လွှတ်တော် ကိုယ်စားလှယ် ၁၉၆ ဦးကို မဲဆန္ဒနယ်များကလည်းကောင်း၊ လေးဦးကို နိုင်ငံပြင်ပတွင် နေထိုင်သော အီတလီနိုင်ငံသားများကလည်းကောင်း ရွေးချယ်တင်မြှောက်၍ လက်ရှိအနေဖြင့် အလိုအလျောက် ခန့်အပ်ခြင်းခံရသော သို့မဟုတ် ရာထူးအရ တာဝန်ပေးအပ်ခြင်းခံရသော ရာသက်ပန်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကို အရေအတွက်အနည်းငယ်အဖြစ် ပြင်ဆင်ရန် ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံအတွင်း ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၃၀၉ ဦးကို ဒေသတစ်ခုချင်းအလိုက် လူဦးရေ အရေအတွက်အပေါ်မူတည်၍ အချိုးကျခွဲဝေသတ်မှတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၇ အရ ဒေသတစ်ခုတည်းရှိသော Aosta Valley နှင့် ဒေသနှစ်ခုသာရှိသော Molise တို့မှလွဲ၍ ဒေသကိုယ်စားပြု ကိုယ်စားလှယ် ခုနစ်ဦးထက်နည်းသော ဒေသမရှိစေရဟု သတ်မှတ်ထားသည်။ ရာသက်ပန်အထက် လွှတ်တော်ကိုယ်စားလှယ်များတွင် သမ္မတကခန့်အပ်ထားသော လူမှုရေး၊ သိပ္ပံပညာရပ်၊ အနုပညာ သို့မဟုတ် စာပေနယ်ပယ်ကဏ္ဍများတွင် ထူးချွန်သည့် အီတလီနိုင်ငံသားများနှင့် ရာထူးအရ အပ်နှင်းထားသော သမ္မတဟောင်းများ ပါဝင်သည်။

နိုင်ငံပြင်ပတွင်နေထိုင်သော အီတလီနိုင်ငံသားများကိုကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးနှင့် ရာသက်ပန်လွှတ်တော်ကိုယ်စားလှယ်များမှအပ ကျန်လွှတ်တော်ကိုယ်စားလှယ်များကို ဒေသ ဆိုင်ရာအခြေခံအချက်များအပေါ်မူတည်၍ ရွေးကောက်တင်မြှောက်သည်။

> **“အီတလီနိုင်ငံ၏ ပါလီမန်ကို အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဟူသော ဥပဒေပြုလွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်နှစ်ရပ်လုံး၏ ရွေးကောက်ပွဲစနစ်မှာ ယှဉ်ပြိုင်မဲပေး ရွေးချယ်သည့်စနစ်ဖြစ်ပြီး လွှတ်တော်တစ်ရပ်စီအတွက် ခွဲဝေသတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာ ၃၇ ရာခိုင်နှုန်းကို မဲများသူအနိုင်ရစနစ် (First-Past-The-Post) ဖြင့်လည်းကောင်း၊ ကျန် ၆၃ ရာခိုင်နှုန်းကို အချိုးကျကိုယ်စားပြုစနစ် (Proportional Representation-closed lists) စနစ်ဖြင့် လည်းကောင်း ရွေးချယ်တင်မြှောက်”**

ရွေးကောက်ခံအထက်လွှတ်တော်ကိုယ်စားလှယ် ၃၁၅ ဦးကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်သည်–

- ကိုယ်စားလှယ်တစ်ဦးသာရွေးချယ်ခွင့်ရှိသော မဲဆန္ဒနယ်မှ ၁၁၆ ဦး (First–Past–The–Post – party lists)
- ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးချယ်ခွင့်ရှိသော မဲဆန္ဒနယ်မှ ၁၉၃ ဦး (Proportional Representation – closed list)
- ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးချယ်ခွင့်ရှိသော နိုင်ငံပြင်ပမဲဆန္ဒနယ်မှ ခြောက်ဦး (Proportional Representation – closed list)

လွှတ်တော်ကိုယ်စားလှယ်နေရာ ခွဲဝေသတ်မှတ်ရာတွင် ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးချယ်ခွင့်ရှိသော မဲဆန္ဒနယ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သတ်မှတ်ပြီး ကိုယ်စားလှယ်တစ်ဦးသာ ရွေးချယ်ခွင့်ရှိသော မဲဆန္ဒနယ်များအတွက် လူမျိုးအများစုကို အခြေခံသည့်စနစ်ဖြင့် သတ်မှတ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်သည် ပထမဦးဆုံး လွှတ်တော်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲကျင်းပပြီး ရက်ပေါင်း ၂၀ ထက် နောက်မကျစေဘဲ ခေါ်ယူကျင်းပရသည်။ လွှတ်တော်ဥက္ကဋ္ဌရွေးချယ်မတင်မြှောက်မီ ပထမဦးဆုံးလွှတ်တော်အစည်းအဝေးတွင် အသက်အရွယ် အကြီးဆုံး (သက်တမ်းအရင့်ဆုံး) လွှတ်တော်အမတ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ နောင်ကျင်းပမည့် ပါလီမန်အချိန်ပိုင်းအစည်းအဝေးများအတွက် လွှတ်တော်ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်သည်။ အထက် လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေး လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း၊ သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ သဘောထားကွဲလွဲမှုများကို ထိန်းကျောင်းခြင်း၊ တင်ပြလာသော အဆိုနှင့်မူကြမ်းများကို ဆုံးဖြတ်ခြင်း၊ အထက်လွှတ်တော်ကို ကိုယ်စားပြုခြင်းတို့ကို ဆောင်ရွက်ရသည်။ နိုင်ငံခြားနှင့်ဆက်စပ် နေသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ ငွေကြေးပိုမိုတောင်းခံသည့် အငြင်းပွားမှုကိစ္စရပ်များကို နိုင်ငံတော် သမ္မတက မအားလပ်၍ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ အထက်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ယူဆောင်ရွက် ရသည်။ ထိုအခြေအနေမျိုးတွင် လွှတ်တော်ကို ဒုတိယဥက္ကဋ္ဌက ဦးစီးဆောင်ရွက်သည်။

စာမျက်နှာ ၁၁ သို့

❂ စာမျက်နှာ ၁၀ မှ

**အောက်လွှတ်တော် (Chamber of deputies)**

အောက်လွှတ်တော်ကို ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၆၃၀ ဖြင့် ဖွဲ့စည်းထားပြီး ခရိုင်တစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် လွှတ်တော်ကိုယ်စားလှယ် ၂၃၂ ဦးကို မဲများသူအနိုင်ရ (First-Past-The-Post – party lists) စနစ်ဖြင့်လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှတ်တော်ကိုယ်စားလှယ် ၃၈၆ ဦးနှင့် နိုင်ငံပြင်ပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကို အချိုးကျကိုယ်စားပြုစနစ် (Proportional Representation– closed list) ဖြင့်လည်းကောင်း ရွေးကောက်တင်မြှောက်သည်။

**ကိုယ်စားလှယ်နေရာခွဲဝေသတ်မှတ်မှု**

အထက်လွှတ်တော်နှင့်အောက်လွှတ်တော်နှစ်ရပ်လုံးအတွက် ကိုယ်စားလှယ်နေရာကို နိုင်ငံအတွင်း ဒေသ ၂၀ နှင့် နိုင်ငံပြင်ပမဲဆန္ဒနယ် လေးခုသတ်မှတ်၍ ခွဲဝေသည်။ လွှတ်တော်တစ်ခုချင်းစီ၏ ကိုယ်စားလှယ်နေရာခွဲဝေသတ်မှတ်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**အောက်လွှတ်တော် (Chamber of Deputies)**

| Region | Seats | Region | Seats | Region | Seats | Region | Seats |
|---|---|---|---|---|---|---|---|
| Abruzzo | 14 | Campania | 60 | Lombardy | 102 | Sicily | 52 |
| Aosta Valley | 1 | Emilia–Romagna | 45 | Marche | 16 | Trentino–Alto Adige | 11 |
| Apulia | 42 | Friuli–Venezia Giulia | 13 | Molise | 3 | Tuscany | 38 |
| Basilicata | 6 | Lazio | 58 | Piedmont | 45 | Umbria | 9 |
| Calabria | 20 | Liguria | 16 | Sardinia | 17 | Veneto | 50 |

| Constituency | Seats |
|---|---|
| Europe | 5 |
| South America | 4 |
| North and Central America | 2 |
| Asia, Africa, Oceania and Antarctica | 1 |

**အထက်လွှတ်တော် (Senate of the Republic)**

| Region | Seats | Region | Seats | Region | Seats | Region | Seats |
|---|---|---|---|---|---|---|---|
| Abruzzo | 7 | Campania | 29 | Lombardy | 49 | Sicily | 25 |
| Aosta Valley | 1 | Emilia–Romagna | 22 | Marche | 8 | Trentino–Alto Adige | 7 |
| Apulia | 20 | Friuli–Venezia Giulia | 7 | Molise | 2 | Tuscany | 18 |
| Basilicata | 7 | Lazio | 28 | Piedmont | 22 | Umbria | 7 |
| Calabria | 10 | Liguria | 8 | Sardinia | 8 | Veneto | 24 |

| Constituency | Seats |
|---|---|
| Europe | 2 |
| South America | 2 |
| North and Central America | 1 |
| Asia, Africa, Oceania and Antarctica | 1 |

**ကိုယ်စားလှယ်လောင်းအရည်အချင်းနှင့် အမည်စာရင်းတင်သွင်းခြင်း**

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အီတလီနိုင်ငံတွင်နေထိုင်ပြီး မဲဆန္ဒရှင်တစ်ဦး ဖြစ်ရမည်ဖြစ်သည်။ အသက်သတ်မှတ်ချက်မှာ အောက်လွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ အနည်းဆုံး အသက် (၂၅) နှစ် ရှိရမည်ဖြစ်ပြီး အထက်လွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ အနည်းဆုံးအသက် (၄၀) ရှိရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ပါတီများမှ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် အမည်စာရင်းတင်သွင်းရသည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအတွက် ဥပဒေက ခွင့်ပြုထားခြင်းမရှိပေ။

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် နိုင်ငံပြင်ပတွင်နေထိုင်သူဖြစ်လျှင် ၎င်းတို့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ပထဝီဝင်ဇုန်တွင်နေထိုင်သူများ ဖြစ်ရမည်ဖြစ်သည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် ပြည်ထဲရေးဝန်ကြီးဌာနတွင် အမည်နှင့် Logo ကို စာရင်းသွင်းရမည်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲများအတွင်း ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့၏ပြဋ္ဌာန်းထားသော ထုတ်ပြန်ချက်များနှင့် ရွေးကောက်ပွဲဆိုင်ရာ အစီအစဉ်များကို တင်ပြရသည်။ ညွန့်ပေါင်းအဖွဲ့ဖွဲ့မည်ဆိုပါက ၎င်းတို့၏ ခေါင်းဆောင်အမည်ကို သတ်မှတ်ဖော်ပြရန် လိုအပ်သည်။ မဲဆန္ဒနယ်အားလုံးရှိ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို ရွေးကောက်ပွဲနေ့မတိုင်မီ ၃၆ ရက်အလိုမှစတင်၍ ရွေးကောက်ပွဲနေ့မတိုင်မီ ၂၄ နာရီအလိုအထိ ၃၅ ရက်အတွင်း တင်သွင်းရသည်။

ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတွင် လွှတ်တော်တစ်ရပ်အတွက်သာ ရပ်တည်နိုင်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် ပါတီတစ်ခုတည်း၌ တစ်ချိန်တည်းတွင် မဲဆန္ဒနယ် ငါးခုအထိ ယှဉ်ပြိုင်နိုင်သော်လည်း တစ်ခုတည်းသောမဲဆန္ဒနယ်တွင်သာ ရပ်တည်ခွင့်ရှိသည်။ မှတ်ပုံတင်ထားသောပါတီများသည် ၎င်းတို့၏ကိုယ်စားလှယ်လောင်းများစာရင်းကို တင်သွင်းရာတွင် အောက်လွှတ်တော်အတွက် သက်ဆိုင်ရာခရိုင်အဆင့်ရွေးကောက်ပွဲရုံးနှင့် အထက်လွှတ်တော်အတွက် သက်ဆိုင်ရာ တိုင်းအဆင့်ရွေးကောက်ပွဲရုံးသို့ တင်သွင်းရသည်။

ဥပဒေအရ လွှတ်တော်အတွင်း ရွေးကောက်ခံကိုယ်စားလှယ်မရှိသည့် နိုင်ငံရေးပါတီများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရန် ထောက်ခံသူလက်မှတ်ပေါင်း ၁၅၀၀ မှ ၂၀၀၀ ကြား တင်သွင်းရမည်ဖြစ်သည်။ သို့သော်လည်း ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲတွင် အချို့သော ပါတီများက လက်မှတ်များစုဆောင်းရန် အချိန်မလုံလောက်မှုနှင့်စပ်လျဉ်း၍ တိုင်ကြားခဲ့ကြသဖြင့် လက်မှတ်တင်ပြမှုကို ၃၇၅ အထိ လျှော့ချပေးခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာနတွင် လျှောက်လွှာ ၁၀၃ ခု အနက် Logo (၄၂) ခုအား အတည်ပြုခဲ့ပြီး စုစုပေါင်းကိုယ်စားလှယ်လောင်း ၁၂၄၂၈ ဦး မှတ်ပုံတင်ခဲ့သည်။ ရွေးကောက်ပွဲဥပဒေအသစ်တွင် မဲဆန္ဒနယ်ရှိ ကိုယ်စားလှယ်လောင်းများစာရင်းကို ကျား၊ မ အလိုက်တစ်လှည့်စီ လုပ်ဆောင်ရမည့်စည်းမျဉ်းများကို ချမှတ်ခဲ့သည်။ ထိုသို့ ဥပဒေသစ်ပြဋ္ဌာန်းခဲ့သော်လည်း ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ပါဝင်မှု အားနည်းခဲ့သည်။ ထိုသို့ အားနည်းရခြင်းမှာ ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒနယ်ငါးခုအထိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းချက်များကြောင့်ဟု ဆိုကြသည်။ အောက်လွှတ်တော်အတွက် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၂၄၃ ဦးနှင့် အထက်လွှတ်တော်အတွက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၅၃ ဦး အမည်စာရင်း တင်သွင်းခဲ့ကြသည်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**

အသက် (၁၈) နှစ်ပြည့်ပြီးသည့် အီတလီနိုင်ငံသားတိုင်းသည် ပြည်ထောင်စုအဆင့် ရွေးကောက်ပွဲများ၊ ဒေသဆိုင်ရာ ရွေးကောက်ပွဲများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများတွင် မဲပေးပိုင်ခွင့်ရှိသည်။ ခြွင်းချက်အနေဖြင့် အထက်လွှတ်တော်ရွေးကောက်ပွဲအတွက်မူ မဲပေးနိုင်သည့် အသက်အရွယ်ကို (၂၅) နှစ် သတ်မှတ်ထားသည်။ မဲပေးခြင်းသည် အီတလီနိုင်ငံသားတိုင်း ဆောင်ရွက်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ဖြစ်သည်။ မဲပေးရန်ပျက်ကွက်သူများအား မည်သည့် အရေးယူဆောင်ရွက်မှုမျှမရှိသော်လည်း အများအားဖြင့် အီတလီနိုင်ငံသားတိုင်းသည် မဲပေးခြင်းကို ဆောင်ရွက်ကြသည်။

**ဆန္ဒမဲလက်မှတ်**

လွှတ်တော်တစ်ရပ်ချင်းစီအတွက် မဲလက်မှတ်တစ်စောင်စီဖြင့် မဲပေးကြရပြီး အဆိုပါမဲလက်မှတ်များတွင် မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ်လောင်းအမည်များနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် ပါတီအမည်များ ပါရှိပါသည်။ မဲအများဆုံးရသူအနိုင်ယူစနစ်ဖြင့် ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရွေးချယ်ရန်အတွက် ကိုယ်စားလှယ်လောင်းအမည် (များ) နှင့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ရန်အတွက် တံဆိပ်သင်္ကေတများနှင့်အတူ သက်ဆိုင်ရာကိုယ်စားလှယ်လောင်းအမည်စာရင်းပါရှိသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးစီသာရွေးချယ်သည့် မဲဆန္ဒနယ်များတွင် မဲအများဆုံးရရှိသူအား ရွေးချယ်ပြီး တစ်ဦးထက်ပိုသည့် ကိုယ်စားလှယ်များရှိသည့် မဲဆန္ဒနယ်များအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးချယ်သည်။ တစ်ဦးထက်ပိုသည့် ကိုယ်စားလှယ်များရှိသည့် မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်လောင်းအမည်များအား ဖော်ပြထားခြင်းမရှိသည့် Closed List ဖြစ်သည်။




မဲဆန္ဒရှင်များသည် အောက်ပါနည်းလမ်းများဖြင့် မဲပေးနိုင်သည် –

- (ပါတီ) စာရင်းတွင်ပါရှိသည့် တံဆိပ်သင်္ကေတတွင် အမှတ်အသားပြုခြင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦးစီသာရွေးချယ်သည့် မဲဆန္ဒနယ်များတွင် ပါတီစာရင်းတွင် ဖော်ပြထားသည့် ကိုယ်စားလှယ်လောင်းက မဲရရှိပါသည်။
- ကိုယ်စားလှယ်လောင်းတစ်ဦးစီသာ ရွေးချယ်သည့် မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအမည်တွင် အမှတ်အသားပြုခြင်းနှင့် ၎င်းနှင့်ဆက်စပ်သည့် ပါတီစာရင်းရှိ တံဆိပ်သင်္ကေတတွင် အမှတ်အသားပြုခြင်း၊ မဲဆန္ဒရှင်သည် မဲအများဆုံးရသူအနိုင်ယူစနစ်အတွက် ကိုယ်စားလှယ်လောင်းနှင့်သက်ဆိုင်သည့် ပါတီကိုသာ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ရန်အတွက် အမှတ်အသားပြုရပါသည်။ (ဆိုလိုသည်မှာ single member constituency အတွက် FPTP စနစ်နှင့်ရွေးချယ်သော ကိုယ်စားလှယ်လောင်းနှင့် PR စနစ်အရ ရွေးချယ်ရသည့်ပါတီသည် ဆက်စပ်မှုရှိရမည်ဖြစ်သည်။)
- ပါတီစာရင်းကို မဲပေးခြင်းမပြုဘဲ မဲအများဆုံးရသူအနိုင်ယူစနစ်အတွက် ကိုယ်စားလှယ်လောင်းအမည်ကိုသာ အမှတ်အသားပြုခြင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦးစီသာ ရွေးချယ်သည့်မဲဆန္ဒနယ်တွင် အကျုံးဝင်သကဲ့သို့ ၎င်းနှင့်သက်ဆိုင်သည့် ပါတီအတွက်လည်း အကျုံးဝင်သည်။ ၎င်း၏အမည်သည် စာရင်းတစ်ခုထက် ပိုမိုပါဝင်နေမည်ဆိုပါက ယင်းမဲဆန္ဒနယ်အတွင်းရရှိသည့် ဆန္ဒမဲအရေအတွက်အလိုက် အချိုးကျရရှိမည် ဖြစ်ပါသည်။

**ရွေးကောက်တင်မြှောက်ခြင်းနှင့် မဲရလဒ်ရေတွက်ခြင်း**

ကိုယ်စားလှယ်တစ်ဦးကျရွေးချယ်သော မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကို မဲအများဆုံးရရှိမှု (plurality) ကိုအခြေခံပြီး ရွေးကောက်တင်မြှောက်သည်။ ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးချယ်သော မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချိုးကျကိုယ်စားပြုစနစ် (proportional– closed lists) စနစ်ကို အသုံးပြုရွေးကောက်တင်မြှောက်သည်။

ရွေးကောက်ပွဲရလဒ်များကိုတွက်ချက်ရာတွင် ကိုယ်စားလှယ်တစ်ဦးကျ ရွေးချယ်သော မဲဆန္ဒနယ်အတွက် ပါတီများသည် အနည်းဆုံးတစ်နိုင်ငံလုံးမဲအရေအတွက်၏ တစ်ရာခိုင်နှုန်းရရှိရန်လိုအပ်ပြီး ကိုယ်စားလှယ်တစ်ဦးထက်ပို၍ရွေးချယ်သော မဲဆန္ဒနယ်အတွက် ပါတီများသည် အနည်းဆုံး တစ်နိုင်ငံလုံးမဲအရေအတွက်၏ သုံးရာခိုင်နှုန်း ရရှိရန်လိုအပ်သည်။ ညွန့်ပေါင်းအဖွဲ့များသည် တစ်ဆယ်ရာခိုင်နှုန်းရရှိရမည်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (အီတလီနိုင်ငံ)

သိန်းဦး

(ယမန်နေ့မှအဆက်)

**ရွေးကောက်ပွဲစီမံခန့်ခွဲမှု**

အီတလီနိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲခြင်းများကို ပြည်ထဲရေးဝန်ကြီးဌာန၏ ဌာနခွဲအဆင့်ဆင့်က ကိုင်တွယ်ဆောင်ရွက်သည်။ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှာ Central Directorate for Electoral Services ဖြစ်သည်။ ယင်းအဖွဲ့အစည်းသည် အမြဲတမ်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဥရောပသမဂ္ဂ ပါလီမန်ရွေးကောက်ပွဲအပါအဝင် ပြည်ထောင်စုအဆင့်၊ ဒေသအဆင့်နှင့် ဒေသန္တရအဆင့် ရွေးကောက်ပွဲများကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ခရိုင်အဆင့်အုပ်ချုပ်ရေးရုံးများမှတစ်ဆင့် ကြီးကြပ်ကျင်းပပေးရသည်။ ရွေးကောက်ပွဲတွင်အသုံးပြုမည့် ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများကို အချိန်မီပြင်ဆင်ပေးပို့နိုင်ရေးအတွက်လည်းကောင်း၊ ရွေးကောက်ပွဲရလဒ်အကြမ်းဖျင်းတွက်ချက်ခြင်းနှင့် အနိုင်ရပါတီများအတွက် ကိုယ်စားလှယ်နေရာခွဲဝေမှု ကနဦးအဆင့်တွက်ချက်ခြင်းတို့ကိုလည်းကောင်း တာဝန်ယူဆောင်ရွက်ရသည်။ Central Directorate for Demographic Services သည် ရွေးကောက်ပွဲအတွက် လူဦးရေအချက်အလက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ The Department for Internal and Territorial Affairs သည် ရွေးကောက်ပွဲဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်သည့်ကိစ္စရပ်များအား လေ့လာခြင်း၊ မဲဆန္ဒရှင် အရည်အချင်းမပြည့်မီသော ကိစ္စရပ်များနှင့် အရည်အချင်းမပြည့်မီကြောင်း ကြေညာထားသော ကိုယ်စားလှယ်လောင်းများအတွက် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရသည်။

ရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲဆိုင်ရာတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာယာယီအဖွဲ့အစည်းများကို တရားရေးရုံးများတွင် ဖွဲ့စည်းထားရှိသည်။ တရားဝင် ရွေးကောက်ပွဲရလဒ်ကို တရားရုံးဆိုင်ရာစနစ်အတွင်း ဖွဲ့စည်းထားရှိသည့် ရွေးကောက်ပွဲဆိုင်ရာရုံးများမှတစ်ဆင့် တွက်ချက်ဆောင်ရွက်သည်။ National Central Electoral Office ( NCEO ) ကို Court of Cassation (အမြင့်ဆုံးတရားရုံး) အတွင်း ဖွဲ့စည်းထားရှိသည်။ အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းထားပြီး တရားရုံးဥက္ကဋ္ဌတစ်ဦးနှင့် ဥက္ကဋ္ဌမှခန့်အပ်သည့် အဖွဲ့ဝင် လေးဦးဖြစ်သည်။ NCEO သည် အောက်လွှတ်တော်အတွက် ဒေသဆိုင်ရာအဆင့် ရွေးကောက်ပွဲရလဒ်များ တွက်ချက်ခြင်း၊ ရွေးကောက်ပွဲရလဒ်များ တရားဝင်ကြေညာပေးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်နေရာ ခွဲဝေပေးခြင်းတို့ကို ဆောင်ရွက်ရသည်။ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းနှင့် ပါတီအမှတ်တံဆိပ်များနှင့် စပ်လျဉ်းသည့် အယူခံအမှုများကိုလည်း စစ်ဆေးဆုံးဖြတ်ရသည်။

ဒေသဆိုင်ရာရွေးကောက်ပွဲရုံး (Regional Election Offices – REOs) များကို ဒေသဆိုင်ရာ အယူခံရုံးများတွင် ဖွဲ့စည်းထားရှိပြီး အထက်လွှတ်တော်အတွက် ရွေးကောက်ပွဲရလဒ်များကို တွက်ချက်ရသည်။

ခရိုင်အဆင့်ရွေးကောက်ပွဲရုံး (District Election Offices – DEOs) များကို ခရိုင်အဆင့်အယူခံရုံးများတွင် ဖွဲ့စည်းထားရှိပြီး အောက်လွှတ်တော်အတွက် ခရိုင်အဆင့်ရှိ ရွေးကောက်ပွဲရလဒ်များကို တွက်ချက်ရသည်။ ၎င်းအပြင် မဲရုံဆိုင်ရာရုံး (Polling Electoral Offices – PEOs) များ၏ ဥက္ကဋ္ဌများကိုလည်း ခန့်အပ်ပေးရသည်။

နိုင်ငံပြင်ပမဲဆန္ဒနယ်များမှရောက်ရှိလာမည့် ဆန္ဒမဲများအတွက် မဲရေတွက်ခြင်းဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာရွေးကောက်ပွဲရုံး (REO) တစ်ရုံးနှင့် ခရိုင်အဆင့်ရွေးကောက်ပွဲရုံး (DEO) တစ်ရုံးတို့ကို ရောမအယူခံတရားရုံးတွင် ဖွင့်လှစ်ထားရှိသည်။ ဒေသဆိုင်ရာ ရွေးကောက်ပွဲရုံးများနှင့် ခရိုင်အဆင့်ရွေးကောက်ပွဲရုံးများသည် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ၎င်းတို့၏ သက်ဆိုင်ရာတရားရေးနယ်ပယ်အတွင်းမှ တာဝန်ယူဆောင်ရွက်ပေးရသည်။

မြူနီစီပယ်အဆင့်တွင် မြူနီစီပယ်အဆင့်ရွေးကောက်ပွဲကော်မရှင် (MECs) များသည် ရွေးကောက်ပွဲများကို အဓိကတာဝန်ယူဆောင်ရွက်ပေးရပြီး မဲရုံဆိုင်ရာရုံး (PEOs) များအတွက် အဖွဲ့ဝင်များခန့်အပ်ခြင်းနှင့် ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးပိုစတာများချိတ်ဆွဲရန် နေရာသတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ရသည်။ မြူနီစီပယ်အဆင့် ရွေးကောက်ပွဲကော်မရှင်များသည် အမြဲတမ်းဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်ကြပြီး မြူနီစီပယ်ကောင်စီမှ ရွေးကောက်တင်မြှောက်ထားသော မြူနီစီပယ်ကောင်စီဝင်များဖြင့် ဖွဲ့စည်းထားသည်။ ဥက္ကဋ္ဌအဖြစ် မြူနီစီပယ်မြို့တော်ဝန်မှ ဆောင်ရွက်သည်။

> **၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အီတလီပါလီမန်အား သမ္မတ Sergio Mattarella က ဖျက်သိမ်းပြီး ၂၀၁၈ ခုနှစ် အီတလီနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ အီတလီနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၁၉၄၈ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုရွေးကောက်ပွဲသည် ၁၈ ကြိမ်မြောက်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အောက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ ၆၃၀ နှင့် အထက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ် ၃၁၅ နေရာ ရွေးကောက်တင်မြှောက်ခဲ့သည်။ နိုင်ငံရေးပါတီပေါင်း ၁၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့**

မဲရုံဆိုင်ရာရုံး (PEOs) များသည် မဲရုံပြင်ဆင်ဆောင်ရွက်ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဓိကတာဝန်ယူကြီးကြပ်ပေးရသည်။ မဲရုံဆိုင်ရာရုံးကို အဖွဲ့ဝင် လေးဦးဖြင့် ဖွဲ့စည်းထားသည်။ မဲရုံဆိုင်ရာရုံး (PEO) ၏အဖွဲ့ဝင် အနည်းဆုံးတစ်ဦးသည် မြူနီစီပယ်ကောင်စီရှိ လူနည်းစုကိုယ်စားပြုသည့်ကောင်စီဝင်ဖြစ်ရသည်။ မဲရုံတစ်ရုံလျှင် မဲဆန္ဒရှင် ၁၂၀၀ နှုန်း သတ်မှတ်ထားသည်။ နိုင်ငံပြင်ပမဲပေးခြင်းကို နိုင်ငံရပ်ခြားရှိ ကောင်စစ်ဝန်ရုံးများမှ တာဝန်ယူ ဆောင်ရွက်သည်။

**၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲ**

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အီတလီပါလီမန်အား သမ္မတ Sergio Mattarella က ဖျက်သိမ်းပြီး ၂၀၁၈ ခုနှစ် အီတလီနိုင်ငံအထွေထွေရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ အီတလီနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၁၉၄၈ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုရွေးကောက်ပွဲသည် ၁၈ ကြိမ်မြောက်ဖြစ်သည်။ ရွေးကောက်ပွဲတွင် အောက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ ၆၃၀ နှင့် အထက်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ် ၃၁၅ နေရာ ရွေးကောက်တင်မြှောက်ခဲ့သည်။ နိုင်ငံရေးပါတီပေါင်း ၁၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အောက်လွှတ်တော်အတွက် ညွန့်ပေါင်းအဖွဲ့ဖြစ်သော ဗဟို–လက်ယာညွန့်ပေါင်း (Center–right coalition) က လွှတ်တော်ကိုယ်စားလှယ် ၂၆၅ နေရာဖြင့် အများဆုံးအနိုင်ရရှိခဲ့ပြီး Five Star Movement (MSS) ပါတီက လွှတ်တော်ကိုယ်စားလှယ် ၂၂၇ နေရာဖြင့် ဒုတိယအနိုင်ရရှိခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း Matteo Renzi ဦးဆောင်သော ဗဟို – လက်ဝဲညွန့်ပေါင်း (Center – Left Coalition) က တတိယနေရာမှ အနိုင်ရရှိခဲ့သည်။ ထို့အတူ အထက်လွှတ်တော်အတွက်လည်း ညွန့်ပေါင်းအဖွဲ့ဖြစ်သော ဗဟို–လက်ယာညွန့်ပေါင်း (Center – right coalition) က လွှတ်တော်ကိုယ်စားလှယ် ၁၃၇ နေရာဖြင့် အများဆုံးအနိုင်ရရှိခဲ့ပြီး Five Star Movement (MSS) ပါတီက လွှတ်တော်ကိုယ်စားလှယ် ၁၁၂ နေရာဖြင့် ဒုတိယအနိုင်ရရှိခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း Matteo Renzi ဦးဆောင်သော ဗဟို–လက်ဝဲညွန့်ပေါင်း (Center–Left Coalition) က နေရာ ၆၀ ဖြင့် တတိယနေရာမှ အနိုင်ရရှိခဲ့သည်။

၂၀၁၈ ခုနှစ် အီတလီပါလီမန်ရွေးကောက်ပွဲတွင် အောက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် ၅၀၇၃၆၂၀၄ ဦးရှိပြီး မဲပေးသူဦးရေ ၃၅၁၈၅၇၄၃ ဦးရှိသည့်အတွက် မဲပေးမှုရာခိုင်နှုန်း ၆၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် ၄၆၆၁၅၈၁၃ ဦးရှိပြီး မဲပေးသူဦးရေ ၃၅၀၆၇၅၉၄ ဦးရှိသည့်အတွက် မဲပေးမှုရာခိုင်နှုန်း ၇၅ ဒသမ ၂၃ ရာခိုင်နှုန်းရှိသည်။ နောင်လာမည့် ရွေးကောက်ပွဲမှာ ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့ဟု ခန့်မှန်းထားသည်။

**အောက်လွှတ်တော် ရွေးကောက်ပွဲရလဒ်**




| Coalition | Party | Proportional Votes | Proportional % | Proportional Seats | First-past-the-post Votes | First-past-the-post % | First-past-the-post Seats | Italians abroad Votes | Italians abroad % | Italians abroad Seats | Total seats | +/- |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Centre-right coalition | League (Lega) | 5,698,687 | 17.35 | 73 | 12,152,345 | 37.00 | 49 | 240,072 | 21.43 | 2 | 125 | +109 |
| | Forza Italia (FI) | 4,596,956 | 14.00 | 59 | | | 46 | | | 1 | 104 | +1 |
| | Brothers of Italy (FdI) | 1,429,550 | 4.35 | 19 | | | 12 | | | 0 | 32 | +25 |
| | Us with Italy-UDC (NcI-UDC) | 427,152 | 1.30 | 0 | | | 4 | 11,845 | 1.09 | 0 | 4 | New |
| | Total seats | | | 151 | | | 111 | | | 3 | 265 | - |
| Five Star Movement (M5S) | | 10,732,066 | 32.68 | 133 | 10,732,066 | 32.68 | 93 | 197,346 | 17.57 | 1 | 227 | +119 |
| Centre-left coalition | Democratic Party (PD) | 6,161,896 | 18.76 | 86 | 7,506,723 | 22.85 | 21 | 297,153 | 26.45 | 5 | | -180 |
| | More Europe (+Eu) | 841,468 | 2.56 | 0 | | | 2 | 64,350 | 5.73 | 1 | 3 | New |
| | Together | 190,601 | 0.58 | 0 | | | 1 | N/A | N/A | 0 | 1 | New |
| | Popular Civic List (CP) | 178,107 | 0.54 | 0 | | | 2 | 32.071 | 2.85 | 0 | 2 | New |
| | SVP-PATT | 134,651 | 0.41 | 2 | | | 2 | N/A | N/A | 0 | 4 | -1 |
| | Total seats | | | 88 | | | 28 | | | 6 | 122 | - |
| Free and Equal (LeU) | | 1,114,799 | 3.38 | 14 | 1,114,799 | 3.39 | 0 | 64,523 | 5.74 | 0 | 14 | New |
| Associative Movement Italians Abroad (MAIE) | | N/A | N/A | 0 | N/A | N/A | 0 | 107,236 | 9.55 | 1 | 1 | -1 |
| South American Union Italian Emigrants (USEI) | | N/A | N/A | 0 | N/A | N/A | 0 | 68,291 | 6.08 | 1 | 1 | - |
| Total | | | | | | | | | | | 630 | - |

စာမျက်နှာ ၁၉ သို့

■ စာမျက်နှာ ၁၈ မှ

အထက်လွှတ်တော် ရွေးကောက်ပွဲရလဒ်




| Coalition | Party | Proportional Votes | Proportional % | Proportional Seats | First-past-the-post Votes | First-past-the-post % | First-past-the-post Seats | Italians abroad Votes | Italians abroad % | Italians abroad Seats | Total seats | +/- |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Centre-right coalition | League (Lega) | 5,321,537 | 17.61 | 37 | | | 21 | | | 0 | 58 | +39 |
| | Forza Italia (FI) | 4,358,004 | 14.43 | 33 | 11,327,549 | 37.50 | 23 | 226,885 | 21.98 | 2 | 57 | -41 |
| | Brothers of Italy (FdI) | 1,286,606 | 4.26 | 7 | | | 9 | | | 0 | 18 | +18 |
| | Us with Italy–UDC (NcI–UDC) | 361,402 | 1.20 | 0 | | | 4 | 10,404 | 1.04 | 0 | 4 | New |
| | Total seats | | | 77 | | | 58 | | | 2 | 137 | - |
| Five Star Movement (M5S) | | 9,733,928 | 32.22 | 68 | 9,733,928 | 32.22 | 44 | 174,948 | 17.64 | 0 | 112 | +58 |
| Centre-left coalition | Democratic Party (PD) | 5,783,360 | 19.14 | 43 | | | 8 | 279,489 | 27.08 | 2 | 53 | -57 |
| | More Europe (+Eu) | 714,821 | 2.37 | 0 | | | 1 | 55,625 | 5.39 | 0 | 1 | New |
| | Together | 163,454 | 0.54 | 0 | 6,947,199 | 23.00 | 1 | N/A | N/A | N/A | 1 | New |
| | Popular Civic List (CP) | 157,282 | 0.52 | 0 | | | 1 | 31,293 | 3.15 | 0 | 1 | New |
| | SVP–PATT | 128,282 | 0.42 | 1 | | | 2 | N/A | N/A | N/A | 3 | -1 |
| | Aosta Valley (VdA) | N/A | N/A | N/A | | | 1 | N/A | N/A | N/A | 1 | ±0 |
| | Total seats | | | 44 | | | 14 | | | 2 | 60 | - |
| Free and Equal (LeU) | | 991,159 | 3.28 | 4 | 991,159 | 3.28 | 0 | 55,279 | 5.57 | 0 | 4 | New |
| Associative Movement Italians Abroad (MAIE) | | N/A | N/A | 0 | N/A | N/A | 0 | 110,879 | 10.74 | 1 | 1 | - |
| South American Union Italian Emigrants (USEI) | | N/A | N/A | 0 | N/A | N/A | 0 | 68,233 | 6.61 | 1 | 1 | - |
| Total | | | | | | | | | | | 315 | - |

**နိဂုံး**

အီတလီနိုင်ငံသည် ဒီမိုကရေစီစနစ်ကို စတင်ခဲ့သည့်အချိန်မှစ၍ အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် မဲများသူအနိုင်ရစနစ် (FPTP) တို့ကို ရောစပ်အသုံးပြုခဲ့ပြီး လွှတ်တော်နှစ်ရပ်လုံးတွင် သတ်မှတ်ထားသော မဲဆန္ဒနယ်များမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးများ၊ အနည်းစုလူမျိုးစုများ အချိုးကျပါဝင်နိုင်ရန် ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းထားပေသည်။ ထို့ပြင် အခါအားလျော်စွာ ပြင်ဆင်ရန်လိုအပ်သော အချက်များကို ပြင်ဆင်ပြဋ္ဌာန်းသည်ကိုလည်း တွေ့ရှိရသည်။ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များကို ဗဟိုတစ်ခုတည်းမှချုပ်ကိုင်ထားမှုမရှိဘဲ သီးခြားစီဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်စေသဖြင့် ဗဟိုတွင် လုပ်ငန်းတာဝန်ဖိစီးမှုမရှိဘဲ လုပ်ငန်းများကို သက်သောင့်သက်သာဖြင့် လျင်မြန်စွာဆောင်ရွက်နိုင်မည့် အနေအထားကို လေ့လာတွေ့ရှိရပါသည်။ မဲဆန္ဒရှင်များ မဲပေးရာတွင် လွဲမှားမှုရှိပါကလည်း ပယ်မဲမဖြစ်စေရန် နည်းလမ်းများ သတ်မှတ်ပြဋ္ဌာန်းထားမှုမှာလည်း ကောင်းမွန်ပြီး နိုင်ငံရေးပါတီများ၏ အခက်အခဲတင်ပြချက်များအပေါ် လက်ခံစဉ်းစားပြင်ဆင်ချက်များ ထုတ်ပြန်ဆောင်ရွက်ပေးခြင်းကလည်း ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစေသည်ကို တွေ့ရှိရပေသည်။ သို့ဖြစ်၍ အီတလီနိုင်ငံ၏ ရွေးကောက်ပွဲစနစ်နှင့်ပြဋ္ဌာန်းချက်များမှာ လေ့လာအတုယူစရာများရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုး – https://en.wikipedia.org/wiki/Italy
– https://en.wikipedia.org/wiki/Italian electoral law of 2017
– https://en.wikipedia.org/wiki/2018 Italian general election
– The Italian Republic Parliamentary Elections, 4 March 2018 ODIHR Election Assessment Mission Final Report




## ညောင်ဦးမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ၁၄၁၃၂၀ ထိုးပေးပြီးဖြစ်

**ညောင်ဦး ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးပေးနိုင်မှု အခြေအနေမှာ ဇန်နဝါရီ၂ ရက် နံနက်ပိုင်းအထိ ၁၄၁၃၂၀ ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ညောင်ဦးမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးနိုင်ရန် ညောင်ဦးမြို့နယ်တွင် သတ်မှတ်စုရပ်နေရာ ၁၂ နေရာဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ညောင်ဦးမြို့နယ်တွင် ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ထိုးပေးနိုင်မှု ၈၆၁၃၀၊ ဒုတိယအကြိမ် ၄၈၃၅၀၊ ပထမအကြိမ် ကိုဗစ်ကာကွယ်ဆေး Sinovac ထိုးပေးနိုင်မှု ၃၆၂၄ ဦး၊ ဒုတိယအကြိမ် ၃၂၁၆ ဦး စုစုပေါင်း ၁၄၁၃၂၀ ထိုးပေးနိုင်ပြီးဖြစ်ကြောင်း၊ ဆေးခွဲတမ်းရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း၊ ဝေးလံသည့် ကျေးရွာများသို့လည်း နယ်လှည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးအဖွဲ့များဖြင့် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ကိုထိန်**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**